# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## (၁၃)ရက်မြောက်နေ့ အစည်းအဝေး အကျဉ်းချုပ်

## ၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်

## (၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်)

## [ ကြာသပတေးနေ့ ]

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မေလ ၃၀ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည်–

(က) ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်တွင် အသေးစား (SME) လုပ်ငန်းစုများပါဝင်သော စက်မှုဇုန်တစ်ခု အကောင်အထည်ဖော်ထူထောင်ပေးရန်** အစီအစဉ် ရှိ/မရှိမေးခွန်းနှင့် စပ်လျဉ်း၍ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို က ချင်းပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ Feasibility Study များ ပြုလုပ်နေပြီး မြေပြင်ကွင်းဆင်းလေ့လာရေးအဖွဲ့၏ အသေးစိတ်အစီရင်ခံစာအရ လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် ချင်းပြည်နယ်အစိုးရအဖွဲ့နှင့်အတူ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းပါဝင်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ခ) ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ အပ်စကျေးရွာအုပ်စု၊ ဟုန်းကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်း၊ အသစ်ခန့်ထားခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာ အပေါ်အခြေခံသော အမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ အဆိုပါအမိန့်ကြော်ငြာစာတွင်ပါရှိသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန် လမ်းညွှန်ချက်အား

အကြောင်းကြားထားပါသဖြင့် အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဂ) ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **မကွေးတိုင်းဒေသကြီး၊ ငွေးပင်တိုက်နယ်၊ ငွေးပင်ကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့် ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ၂၀၁၉ ခုနှစ်မူဖြင့် ကိုက်ညီမှုမရှိသောကြောင့် တိုက်နယ်ဆေးရုံအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် မရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

(ဃ) ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မြန်မာတစ်နိုင်ငံလုံးရှိ မသန်စွမ်းသူများအား အခမဲ့ဖြစ်စေ၊ ကျခံနိုင်သော နှုန်းထားတစ်ခုနှင့်ဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှု စနစ်တစ်ခု ပြုလုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်း နှင့်စပ်လျဉ်း၍ ကျန်းမာရေး နှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က အရေးပေါ်ကုသမှုများ၊ ရောဂါရှာဖွေမှုများနှင့် ဝန်ထမ်းများ၏ ဝန်ဆောင်မှုများအား အခမဲ့စနစ်ဖြင့် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး အခမဲ့ဆောင်ရွက်မှုမပေးနိုင်သည့် ဆေးကုသမှုနှင့်ဝန်ဆောင်မှုများအတွက် အနည်းဆုံးလိုအပ်သည့် ကုန်ကျငွေဖြင့် ကျခံစေနိုင်မည်ဖြစ်သော်လည်း မသန်စွမ်းသူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၏ ကုန်ကျငွေအတွက် ရေရှည်စီမံချက်အနေဖြင့် ကျန်းမာရေးအာမခံ စနစ်တစ်ခုဖော်ဆောင်ကာ ဆောင်ရွက်သင့်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

(င) ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ဆားလင်းကြီးမြို့နယ်၊ ထန်းဇင်ကျေးရွာအုပ်စု၊ ထန်းပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခြင်း၊ အသစ်ခန့်ထားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှု အစီရင်ခံစာအပေါ်အခြေခံသော အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ အဆိုပါအမိန့်ကြော်ငြာစာတွင် ပါရှိသော သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြရန် လမ်းညွှန်ချက်အား အကြောင်းကြား

ထားပါသဖြင့် အဆိုပါအမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ ကျေးလက်ကျန်းမာရေး ဌာနခွဲ ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

(စ) ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၏ **အသေးစား စိတ်ဝေဒနာများကို ကုသသည့် ဆေးဝါးတချို့နှင့် အလွန်ကိုက်ခဲနာကျင်သော ဝေဒနာများကို သက်သာစေသည့် ဆေးဝါးတချို့တို့သည် ထိန်းချုပ်ဆေးဝါးများ စာရင်းတွင် ပါဝင်နေပါသဖြင့် ဝယ်ယူရန် အလွန်ခက်ခဲပြီး ဝေဒနာရှင်များအား အလွယ်တကူ ကုသနိုင်စေရေးအတွက် မည်ကဲ့သို့ ဖြေလျှော့ပြောင်းလဲ စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က အထူး ထိန်းချုပ်ဆေးဝါးများကို ပုဂ္ဂလိကအထူးကုဆေးရုံကြီးများအပြင် အထူးကုဆေးခန်း များတွင်လည်း ရောင်းချခွင့်ပြုနိုင်ရန်၊ အထူးကုသမားတော်များ၏ ဆေးညွှန်း စာဖြင့် ယခင်(၂)ပတ်စာညွှန်ကြားခြင်းမှ (၁)လအထိ တိုးမြှင့်ညွှန်ကြားနိုင်ရန်၊ မြို့ပြ/မြို့ကြီးများနှင့် အလှမ်းကွာဝေးသောဒေသများတွင် နေထိုင်သော လူနာ များအတွက် သက်ဆိုင်ရာ ခရိုင်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် ရောင်းချနိုင်ရန်အတွက် ဆေးဝါးအကြံပေးကော်မတီ အစည်းအဝေးတွင် တင်ပြဆွေးနွေး၍ ပြင်ဆင်ဆောင်ရွက်နိုင်ရန် စီစဉ်ထား ကြောင်း ရှင်းလင်းဖြေကြားသည်။

(ဆ) ဦးဘွဲ့ခိန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **ချင်းပြည်နယ်၊ ထန်တလန် မြို့နယ်၊ ငါဖိုင်ပီး ကျေးလက်ကျန်းမာရေးဌာနအား တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က လိုအပ်သည့် အခြေခံမူများ (၂၀၁၉)နှင့် ကိုက်ညီမှုမရှိပါသဖြင့် တိုက်နယ်ဆေးရုံဖွင့်လှစ်ရန် သင့်လျော်မှုမရှိသေးကြောင်း ရှင်းလင်းဖြေကြားသည်။

(ဇ) ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ပဲခူးတိုင်း ဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အေးမြသာယာရွာကြီးအား မြို့ အဖြစ် အဆင့်တိုးမြှင့်သတ်မှတ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်း က ရပ်ကွက်/ကျေးရွာများ၏ မြေအသုံးချမှု အခြေအနေနှင့် ကျေးရွာ(၁)ရွာချင်းစီ၏ အုပ်ချုပ်ရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ ဘာသာရေး၊ လူမှုရေးဆိုင်ရာ အချက်အလက်များ၊ ကျေးရွာသမိုင်း ကြောင်းစသည့် စာရင်းဇယားများ ပြုစုဆောင်ရွက်လျက်ရှိပြီး အချက်အလက်

စာရင်းဇယားများနှင့် မြေပုံများပြည့်စုံအောင် ဆောင်ရွက်ပြီးပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့မှ ကွင်းဆင်းစစ်ဆေးပြီး အမှုတွဲတစ်ပေါင်းတည်းတည်ဆောက်၍ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

(ဈ) ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ **ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ထိန်စွန်းစားကျက်မြေတွင် စိုက်ပျိုးအသက်မွေးနေကြသော အိမ်ထောင်စုများမှ လူနေထိုင်ခွင့်ရရှိရေးအတွက် စားကျက်မြေပယ်ဖျက်ပေးရန် လျှောက်ထားခဲ့ကြရာ ခွင့်မပြုဟု အကြောင်းကြားလာသဖြင့် နှစ်များစွာ စိုက်ပျိုးနေထိုင်ပြီးဖြစ်သော ပြည်သူလူထုထိခိုက်နစ်နာမှုမရှိစေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန် က လျှောက်ထားသူများသည် စားကျက်မြေပေါ်တွင် နှစ်ပေါင်း (၄၀)ကျော်ခန့်နေထိုင်ခဲ့ပြီး နှစ်စဉ်ရာသီသီးနှံများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြောင်း၊ နှစ်ပေါင်းများစွာကြာရှည်ပြီး အခိုင်အမာဖြစ်နေမှုကြောင့် တရားဥပဒေအရ အရေးယူရန် အခက်အခဲများရှိနိုင်ခြင်း၊ စားကျက်မြေကျူးကျော်မှုများမှာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ဖြစ်ပေါ်နေခြင်းတို့ကြောင့် စားကျက်မြေစီမံခန့်ခွဲမှုကိစ္စရပ်များနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှ မူဝါဒချမှတ်သင့်ကြောင်းနှင့် မူဝါဒရရှိပါက လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

**အဆိုတင်သွင်းခြင်း၊ အဆုံးအဖြတ်ရယူခြင်းနှင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

၃။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က **နိုင်ငံခြားတက္ကသိုလ်သို့မဟုတ် ပညာရေး အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ဖြစ်စေ၊ မိမိကိုယ်ပိုင် သင်ရိုးညွှန်းတမ်းများဖြင့်ဖြစ်စေ ဖွင့်လှစ်သင်ကြားပို့ချနေသော ပုဂ္ဂလိကပညာရေး သင်တန်းကျောင်းများ၏ အရည်အသွေး၊ အဆင့်အတန်းကို စစ်ဆေးအကဲဖြတ်ခြင်းနှင့် ယင်းသင်တန်းကျောင်းများမှ ထုတ်ပေးသော လက်မှတ်များကိုစိစစ်၍ သတင်းထုတ်ပြန်ပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို တင်သွင်းပြီး လက်ခံဆွေးနွေးရန် သင့်မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လက်ခံဆွေးနွေးရန်ဆုံးဖြတ်သဖြင့် ဥက္ကဋ္ဌ က ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

၄။ အစည်းအဝေးကို ၁၁:၄၄ နာရီ အချိန်တွင် ရပ်နားပြီး (၁၄)ရက်မြောက်နေ့ အစည်းအဝေးကို ၃-၆-၂၀၁၉ ရက်နေ့(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**အမျိုးသားလွှတ်တော်**